မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

August 13 , 2025 | Volume 93, Number 9

၁၃. ၈.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၁.၈၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၁.၀၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၄၉.၃၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၆.၂၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၆၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၅၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၉.၀၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၀၉ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ယခုဘဏ္ဍာနှစ် လေးလတာကာလအတွင်း ပြည်ပသို့ ငါးမက်ထရစ်တန် ရှစ်သောင်းကျော် တင်ပို့နိုင်



ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ်လေးလတာကာလအတွင်း ပြည်ပသို့ငါးမက်ထရစ်တန် ရှစ်သောင်းကျော်တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

"ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ ဇူလိုင်လ ၃၁ ရက်အထိ လေးလတာ ကာလအတွင်း ငါးမက်ထရစ်တန် ၈၁,၀၆၄ ဒသမ ၇၂၁ တန်တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၉၆ ဒသမ ၀၇၅ သန်း ရရှိခဲ့ပါတယ် "ဟု ၎င်းကပြောသည်။

ပြည်ပသို့ငါးတင်ပို့ရာတွင် ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၃၁ရက်အထိ လေးလတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုအနေဖြင့်ငါးမက်ထရစ်တန် ၄၅၉ ၃ ၉ ဒသမ၅ တန်တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၆၇ ဒသမ ဝ၆ ၇ သန်းရရှိပြီး နယ်စပ်ကုန်သွယ်မှုအနေဖြင့် ငါးမက်ထရစ်တန် ၃၅၁၂၅ ဒသမ ၂၂၁ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၀၀၈ သန်းရရှိသည့်အတွက် ပြည်ပသို့ စုစုပေါင်း ငါးမက်ထရစ်တန် ၈၁၀၆၄ ဒသမ ၇၂၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၉၆ ဒသမ ၀၇၅ သန်း ရရှိကြောင်း သိရသည်။

ပြည်တွင်းမှ ပြည်ပသို့ ငါးအပါအဝင် ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ်လေးလတာကာလအတွင်း ရေထွက်ကုန်မက်ထရစ်တန် ၁၁၅,၉၇၁ ဒသမ ၂၅၈ တန် တင်ပို့ခဲ့ကြောင်း သိရသည်။

Source: https://www.myawady.net.mm/

## ကြံစိုက်တောင်သူများအား သကြားစက်ရုံများက ကြံဖိုးငွေများကို မပေးနိုင်တာကြောင့် တောင်သူများ အခက်အခဲဖြစ်နေ



ပြည်တွင်းသကြားရုံများအနက် စစ်ကိုင်းဒေသကြီးမြောက်ပိုင်းမှ ဝေမာသကြားစက်အပါအဝင် သကြားစက်ရုံများက စက်ရုံများအရောက် ပေးပို့ထားသည့် ကြံဖိုးငွေများကို ကြံတောင်သူအား အပြည့်အဝမပေးချေနိုင်တာကြောင့် တောင်သူများ အခက်အခဲဖြစ်နေကြောင်း တောင်သူများထံက သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် ကြံရာသီတွင် တောင်သူများက သကြားစက်ရုံများအရောက် ပေးပို့ခဲ့သော်လည်း ကြံရာသီ အကျော် ဩဂုတ်လလယ်ထိ ကြံဖိုးငွေများကို ပေးချေနိုင်ခြင်းမရရှိသေးကြောင်း၊ လက်ရှိအချိန်တွင် ကြံဖိုးငွေများကို စက်ရုံကထွက်ရှိသည့်သကြားအိတ်များဖြင့် ပေးချေမှုများပြုလုပ်လာကြောင်း၊ကြံရိတ်သိမ်းချိန်က လုပ်သားခ၊ ကားခ၊စက်သုံးဆီဖိုးများ ဈေးကြီးမြင့်စွာ ကုန်ကျခဲ့ကြောင်း ကြံစိုက်တောင်သူတစ်ဦးက ပြောသည်။

"သကြားစက်ရုံတွေက ကြံဖိုးငွေကို သကြားအိတ်တွေပေးနေပါတယ်။ကြံရာသီကုန်ပြီးကတည်းကနေ ဩဂုတ်လလယ်ထိ အကုန်မရသေးပါဘူး။ကြံတန်ချိန်များများ သွင်းထားသူတွေကတော့ တချို့တစ်ဝက်ရကြပါတယ်။ ပမာဏနည်းတဲ့သူတွေကတော့ ကြံဖိုးငွေမရကြသေးပါဘူး၊ဒီလို ကြံဖိုးငွေ နောက်ကျတော့ အတိုးနဲ့ချေးယူထားတာတွေကို ပြန်ဆပ်ရန်ရှိသလို ရလာပြန်တော့လည်း သကြားအိတ်တွေဆိုတော့ တောင်သူတွေနစ်ခါနစ်နာပါတယ်။လက်ရှိမိုးကျလို့ စိုက်ခင်းသစ်တွေ မစိုက်နိုင်တော့ဘူး အခြားတွက်ခြေကိုက်မဲ့ သီးနှံပြောင်းရတော့မယ်"ဟု ၎င်းကပြောသည်။

လက်ရှိအချိန်တွင် ပြည်တွင်းသကြားစက်ရုံများအနေဖြင့်လည်း ပြည်ပတင်ပို့နိုင်မှုနည်းသလို ပြည်တွင်းဈေးကွက်တွင်လည်း သကြားဈေးနှုန်းကျဆင်းနေကြောင်း၊ပြည်ပတင်ပို့သည့် သကြားဈေးနှုန်းမှာလည်း ပြည်တွင်းသကြားပေါက်ဈေးထက် နိမ့်ကျနေကြောင်း၊ကြံရာသီအတွင်းက နောက်ကျကြိတ်ဝါးမှုများကြောင့် သကြားအရည်အသွေးနိမ့်ကျခဲ့ကြောင်း၊ ယခင်နှစ်က လက်ကျန်သကြားများရှိခဲ့တာကြောင့်လည်း သကြားဈေးကွက်မှာတစ်ပိဿာလျှင်ငွေကျပ် ၄၅၀၀ သာပေါက်ဈေးရှိပြီး ပြည်တွင်းသုံးစွဲမှုမှာလည်း လျော့ကျနေချိန်ဖြစ်ကြောင်း သကြားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"သကြားစက်ရုံတွေက ကြံဖိုးငွေအစား သကြားအိတ်တွေပေးတော့ တောင်သူက ခေါင်းပေါ်တင်လည်ရောင်းလို့လည်းမရ၊ စက်ရုံတွေက သကြားဈေးကို တစ်ပိဿာ ၄၂၀၀ ဈေးဖြတ်ပြီးပေးတော့ တောင်သူက လျော့ရောင်းမှ ကြံဖိုးငွေပေါ်မယ်။ တောင်သူက နစ်ခါနစ်နာပါတယ်။စက်ရုံကိုကြံပို့စဉ်က လုပ်သားခ၊ သယ်ယူစရိတ်တွေက ဈေးမြင့်ပေးခဲ့ပါတယ်။ ဒါကို အဆင်ပြေဖို့ သကြားစက်တွေက ငွေဖော်ပြီး အမြန်ဆုံးဖြေရှင်းပေးရပါမယ်။ နိုင်ငံတော်ကလည်း ချေးငွေတွေပေးသလို သကြားကို အာမခံ အပ်ကုန်ထားပြီး ထုတ်ချေးပေးရင် အတိုးငွေလည်းရရှိသလို တောင်သူ၊ စက်ရုံအားလုံး အဆင်ပြေနိုင်ပါတယ်။

လက်ရှိဖြစ်ပေါ်နေသည့် ကြံတောင်သူများအခက်အခဲကို သကြားစက်ရုံများမှ ထွက်ရှိသည့် သကြားကို အပေါင်ထားပြီး ယာယီချေးငွေ၊လည်ပတ်ရင်းနှီးငွေ ချေးသလို ထုတ်ချေးပေးနိုင်လျှင် အဆင်ပြေနိုင်ကြောင်း သကြားကုန်သည်များက သုံးသပ်ထားသည်။

ယခုနှစ်ကြံရာသီအပြီးတွင် ပြည်တွင်းသကြားစက်ရုံ ၃ လုံးသာ နိုင်ငံခြားတင်ပို့သည့် အရည်အသွေးမီသကြား ထွက်ရှိပြီး ကျန်သကြားစက်အများစုမှာ ပြည်တွင်းသုံးသကြားများသာ အများဆုံးထွက်ရှိထားကြောင်း သိရသည်။

မြန်မာပြည်သကြားထုတ်လုပ်မှုအနေဖြင့် ၂၀၂၃-၂၀၂၄ ကြံရာသီမှာ သကြားစက်အကြီးအသေး ၂၉ ရုံမှထုတ်လုပ်မှု သကြားတန်ချိန် ၅၂၄,၄၀၈ တန်ထုတ်လုပ်နိုင်ခဲ့ပြီး ပြည်ပသို့ တန်ချိန် ၅၁,၇၂၅ တန် တင်ပို့နိုင်ခဲ့သည်။

၂၀၂၄-၂၀၂၅ ကြံရာသီမှာ ခန့်မှန်းသကြားတန်ချိန် ၄၉၀,၀၀၀ ဝန်းကျင်ထုတ်လုပ်ခဲ့ပြီး ပြည်ပသို့ တန်ချိန် ၄၈,၅၀၀ တင်ပို့ရန် လျာထားခဲ့သည်။

သို့သော် ယခုနှစ် ပြည်ပသကြားဈေးအနည်းငယ်ကျဆင်းနေ၍ ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## နိုင်ငံတကာဈေးကွက်နှင့်ချိတ်ဆက်ရန် စီးပွားရေးဖိုရမ်ကျင်းပ



မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ မြန်မာပြည်တွင်း အမှတ်တံဆိပ်တွေကို နိုင်ငံတကာ ဈေးကွက်တွေနဲ့ ချိတ်ဆက်နိုင်ဖို့ ရည်ရွယ်ပြီး Pride of Myanmar Products and Global Connection Business Forum ကို ရန်ကုန်မြို့ရှိ The Eravati Sule Grand Hotel မှာ ကျင်းပခဲ့ပါတယ်။

သံရုံးတွေက မြန်မာပြည်တွင်းစီးပွားရေးလုပ်ငန်းတွေ တိုးတက်ဖို့ ကူညီချင်တာတွေရှိတယ်လို့ တောင်းဆိုလာတဲ့အတွက်ကြောင့် ဒီဖိုရမ်လေးကို လုပ်ဖြစ်တာလို့ STP Event Management Team ရဲ့ Managing Director ဒေါ်သင်းသင်းအောင်က ပြောပါတယ်။

ဖိုရမ်ပထမနေ့နဲ့ဒုတိယနေ့မှာ ပြည်တွင်းပြည်ပက စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ပြခန်းတွေ ပြသတာအပြင် သနပ်ခါးလိမ်းခြယ်တဲ့ယဉ်ကျေးမှုကိုဖော်ညွှန်းတဲ့ကမ်ပိန်းတွေလည်းပါဝင်ပြသခဲ့ကြပါတယ်။ နောက်ဆုံးနေ့မှာတော့ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တွေနဲ့ သံရုံးကတာဝန်ရှိသူတွေ တွေ့ဆုံပြီး စီးပွားရေးအခြေအနေတွေနဲ့ပတ်သက်လို့ ဆွေးနွေးခဲ့ကြပါ တယ်။

အဲဒီဖိုရမ်ကို ဩဂုတ် ၉ ရက်ကနေ ၁၁ ရက်အထိ သုံးရက်ကျင်းပခဲ့တာဖြစ်ပြီး ဖိုရမ်ကို ဘင်္ဂလားဒေ့ရှ်၊ အီဂျစ်၊ နီပေါနဲ့ မလေးရှားသံရုံးတွေ အပါအဝင် ပြည်တွင်းလုပ်ငန်းတွေနဲ့ ပြည်ပဆက်စပ်မှုရှိတဲ့လုပ်ငန်း ၆၀ လောက် တက်ရောက်ခဲ့ကြပါတယ်။

**Source :** https://onenewstvchannel.com/

## ကန့်ဘလူမြို့နယ်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော နေကြာသီးနှံဈေးနှုန်း



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တွင် ဆီထွက်သီးနှံဖြစ်သည့် နေကြာသီးနှံကိုလည်း စိုက်ပျိုးကြောင်း၊ မိုးစိုက်နေကြာနှင့် ဆောင်းစိုက်နေကြာ ၂ မျိုးရှိပြီး၊ ကန့်ဘလူမြို့နယ်တွင် ဆောင်းနေကြာကို ၂၉၃၅ ဧကစိုက်ပျိုးရိတ်သိမ်းနိုင်ခဲ့ကြောင်း ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ကန့်ဘလူမြို့နယ်၌ နေကြာသီးနှံစိုက်ပျိုးရာတွင် မျိုးအနေဖြင့် ဆင်းရွှေကြာ-၂မျိုးကို အများဆုံးစိုက်ပျိုးကြောင်း၊ မြေအနေအထားနှင့် အပင်ပြုစုခြင်းအပေါ်မူတည်၍ နေကြာအထွက်နှုန်းကွာခြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ စတုတ္ထပတ်အတွင်း နေကြာ ၁ တင်းလျှင် ၅၈,၀၀၀ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ဒေသတွင်း၌နေကြာသီးနှံကိုကုန်ချောပြုလုပ်ခြင်းမရှိဘဲရွှေဘိုမြို့နှင့်မန္တလေးမြို့ရှိပွဲရုံများသို့ တင်ပို့ကြောင်း ဒေသတွင်းပွဲရုံလုပ်ငန်းရှင်များထံက သိရသည်။

**Source : DOCA**(စစ်ကိုင်း)

https://www.doca.gov.mm/

## ပြည်မြို့နယ်မှ ပေါ်ဦးပေါ်ဖျား ကတွတ်သီးများ ဈေးကောင်းရနေ



မြန်မာနိုင်ငံအနှံ့အပြားတွင် ကတွတ်ပင်များ ပေါက်ရောက်ပြီး ရေမြေ၊ ပေါက်ရောက်သည့် ဒေသကိုလိုက်၍ ကတွတ်သီးအရောင်မှာ အစိမ်းရောင်၊ ခရမ်းရောင်၊ အညိုရောင်၊ အဝါရောင်၊ နီညိုရောင်၊ အမည်းရောင် ဆိုပြီး မျိုးစုံရှိသည်။

အသီး၏ထူးခြားချက်မှာ ပန်းပွင့်ကအသီးထဲတွင်ရှိသည်။ ကတွတ်သီးအမှည့်ကို လတ်လတ်ဆတ်ဆတ် စားသုံးကြပေမဲ့ ယိုထိုးပြီး စားသုံးကြတာပိုများသည်။ အချိုသီးနှင့်အချဉ်သီး ၂ မျိုးရှိသည်။ ကတွတ်သီးမှာ နှစ်ပတ်လည်သီးသော အသီးမျိုးဖြစ်သော်လည်း ကဆုန်နှင့်နယုန်လများတွင် ပထအကြိမ်အသီးအများဆုံးသီးပြီး၊ ဝါဆို၊ ဝါခေါင်လများတွင် ဒုတိယအကြိမ်အများဆုံးသီးကြောင်း ကျန်လများတွင် အနည်းငယ်သာသီးပြီး အသီးအရည်အသွေးမှာလည်း မကောင်းကြောင်းသိရသည်။

ယခုဝါခေါင်လပထမပတ်တွင် ကတွတ်သီးပင်တစ်ပင်လျှင် ပျမ်းမျှ ပိဿာ ၄၀ ခန့်ခူးယူနိုင်ပြီး တစ်ပိဿာ ကျပ် ၄၀၀၀ ဖြင့် အဓိကအားဖြင့် ယိုလုပ်ငန်းလုပ်ကိုင်သူများထံသို့ ရောင်းချကြကြောင်း သိရသည်။

ကတွတ်သီးများကို ပြည်မြို့၊ မြို့မစည်ပင်သာယာဈေးကြီးနှင့် အခြားဈေးများတွင် စတင်ရောင်းချနေပြီး ပေါ်ဦးပေါ်ဖျား ကတွတ်သီးတစ်ပြည်ကို ကျပ် ၆၀၀၀ နှုန်းဖြင့် ရောင်းချကြောင်း သိရသည်။

ပေါ်ဦးပေါ်ဖျားဈေးကောင်းရနေတဲ့ ရာသီပေါ်ကတွတ်သီးကို စားသုံးသူများမှဈေးကောင်းပေး၍ ဝယ်ယူစားသုံးကြ၍ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**Source : DOCA(ပဲခူး)**

https://www.doca.gov.mm/

## ဇွန်လတွင် တရုတ်နိုင်ငံသည် အမေရိကန်မှ ကောက်ပဲသီးနှံတင်သွင်းမှု သိသိသာသာကျဆင်းသွားခဲ့

၂၀၂၅ ခုနှစ်၊ ဇွန်လတွင် တရုတ်နိုင်ငံသည် အမေရိကန်မှ ကောက်ပဲသီးနှံများကို အမေရိကန်ဒေါ်လာ ၇၆၅,၆၀၀ ဖိုးသာ တင်သွင်းခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်၊ နွေရာသီနောက်ပိုင်း ၆ နှစ်အတွင်း အနည်းဆုံးပမာဏဖြစ်ပြီး ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် လည်း အမေရိကန်ဒေါ်လာ ၆၅၃,၄၀၀ သာ တင်သွင်းခဲ့ကြောင်း သိရသည်။

အမေရိကန်မှ Sorghum ကို အများဆုံးတင်သွင်းခဲ့ပြီး ပြောင်းဖူးကို အမေရိကန်ဒေါ်လာ ၇၁,၀၀၀ ဖိုးတင်သွင်းခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်၊ မေလနှင့်နှိုင်းယှဉ်ပါက အမေရိကန်မှ တရုတ်သို့ ကောက်ပဲသီးနှံရောင်းချမှုသည် ၄ ဆကျဆင်းသွားကြောင်းနှင့် ၂၀၂၄ ခုနှစ်၊ဇွန်လတွင် တရုတ်သည် အမေရိကန်မှကောက်ပဲသီးနှံ အမေရိကန်ဒေါ်လာ ၃၆၉ ဒသမ ၅ သန်းဖိုးဝယ်ယူခဲ့သဖြင့် ကာလတူနှိုင်းယှဉ်ပါက အဆ၅၀၀ နီးပါးကျဆင်းသွားကြောင်း သိရသည်။

သွင်းကုန်ပမာဏသိသိသာသာကျဆင်းသွားမှုကြောင့် အမေရိကန်သည် တရုတ်နိုင်ငံသို့ ကောက်ပဲသီးနှံအများဆုံးတင်ပို့သည့် နိုင်ငံများအနက် အဆင့်၁၅နေရာ၌သာရပ်တည်လျက်ရှိကြောင်း၊ ဇွန်လတွင် တရုတ်သို့ ကောက်ပဲသီးနှံအများဆုံး ရောင်းချသည့်နိုင်ငံများမှာ ဩစတြေးလျ(စုစုပေါင်း၏ ၄၆ ရာခိုင်နှုန်း)၊ ကနေဒါ(၂၅ ရာခိုင်နှုန်း)နှင့် မြန်မာနိုင်ငံ(၇) ရာခိုင်နှုန်းတို့ဖြစ်ပြီး အမေရိကန်ထက် သိသိသာသာသာလွန်ခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၊ ဇွန်လတွင် တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံတင်သွင်းမှုသည် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ထက်ဝက်ကျဆင်းသွားခဲ့ပြီး အမေရိကန်ဒေါ်လာ ၅၄၇ ဒသမ ၄ သန်းသာရှိခဲ့ကြောင်းနှင့် ထိုသို့ကျဆင်းမှုသည် စီးပွားရေး (သို့မဟုတ်)

ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အကြောင်းရင်းများကြောင့်ဖြစ်နိုင်ပြီး ပြည်ပဈေးကွက်တွင် ကောက်ပဲသီးနှံဝယ်ယူမှုကျဆင်းသွားသည်ကို ဖော်ပြလျက်ရှိကြောင်း သိရသည်။

**Source:** https://ukragroconsult.com/en/news/china-sharply-reduced-grain-imports-from-the-us-in-june/

**(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

https://myantrade.gov.mm/

## တရုတ်-မွန်ဂိုလီးယား နယ်စပ်ဆိပ်ကမ်းသည် တရုတ်-ဥရောပကုန်တင်ရထားလမ်းကြောင်းဝန်ဆောင်မှု စံချိန်တင်မှတ်တမ်းတင်နိုင်ခဲ့

တရုတ်-မွန်ဂိုလီးယားနယ်စပ်ရှိ အကြီးဆုံးကုန်းတွင်းဆိပ်ကမ်းဖြစ်သည့် အီရင်ဟုတ်ဆိပ်ကမ်း (Erenhot port)သည် ၂၀၁၃ ခုနှစ်တွင် နယ်စပ်ရထားလမ်းကြောင်း စတင်ပြေးဆွဲခဲ့သည့်အချိန်မှစ၍ တရုတ်-ဥရောပကုန်တင်ရထားအဝင်/အထွက်အစီးရေ ၂၀,၀၀၀ စံချိန်တင်မှတ်တမ်းတင်နိုင်ခဲ့ကြောင်း China Railway Hohhot Group Co., Ltd. က ၃-၈-၂၀၂၅ ရက်နေ့တွင် ပြောကြားခဲ့သည်။

မကြာသေးမီနှစ်များအတွင်း နိုင်ငံတကာစီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုတွင် တရုတ်နိုင်ငံ၏ နက်ရှိုင်းစွာကြိုးပမ်းဆောင်ရွက်မှုများနှင့်အတူ အတွင်းမွန်ဂိုလီးယား(Inner Mongolia)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အီရင်ဟုတ်ဆိပ်ကမ်းသည် ရထားဖြတ်သန်းမှုအရေအတွက်၊ ပို့ဆောင်ရာနေရာများ၊ ခရီးစဉ်ကြိမ်နှုန်းနှင့် သယ်ယူပို့ဆောင်သည့် ကုန်ပစ္စည်းအမျိုးအစား များ သိသာထင်ရှားစွာ တိုးလာခဲ့ကြောင်း အဆိုပါကုမ္ပဏီက ပြောကြားခဲ့သည်။

အီရင်ဟုတ်ဆိပ်ကမ်းအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ပထမအကြိမ်အဖြစ် ရထားအစီးရေ ၁၀,၀၀၀ စီးစံချိန်တင်နိုင်ခဲ့ပြီး ဒုတိယအကြိမ် အစီးရေ ၁၀,၀၀၀ ကို သုံးနှစ်တာကာလအတွင်းထပ်မံပြည့်မီခဲ့သည်။

အစောပိုင်းကာလများတွင်သတ္တု(metal)၊ဓာတုပစ္စည်းများ(chemicals)နှင့်အဝတ်အထည်ထုတ်ကုန်များ(apparel products ) ကို အဓိကသယ်ဆောင်ခဲ့သော်လည်း ယခုအခါစွမ်းအင်သစ်ယာဉ်များ(new-energy vehicles)၊ အီလက်ထရွန်နစ်ပစ္စည်းများ(electronics)နှင့် အိမ်သုံးပစ္စည်းများ (household appliances)စသည့် တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများ (high-value-added goods)ကို အဓိကသယ်ဆောင်ခဲ့သည်ကို တွေ့ရှိရသည်။

တရုတ်-ဥရောပမီးရထားဝန်ဆောင်မှု၏ ဗဟိုစင်္ကြံအတွက် အဓိကဝင်ပေါက်၊ ထွက်ပေါက်အဖြစ် အီရင်ဟုတ်ဆိပ်ကမ်းသည် ယခုအခါ တရုတ်နိုင်ငံ၏ ပြည်နယ်/မြို့ပြ ၂၄ ခုမှ မြို့ကြီး ၆၀ ကျော်နှင့် ဂျာမနီ၊ ပိုလန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၀ ကျော်ရှိ ဘူတာရုံ ၇၀ ကျော်သို့ ချိတ်ဆက်ပေးထားသည့် ရထားလမ်းကြောင်း ၇၃ ခု ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

အီရင်ဟုတ်ဆိပ်ကမ်းသည် တရုတ်-ဥရောပဗဟိုစင်္ကြံ(Central Corridor)၏အဓိကအချက်အချာကျသောနေရာဖြစ်ပြီး၊ Belt and Road Initiative (BRI)၏အောင်မြင်မှုကို ထင်ဟပ်စေသည့်ပြယုဂ်တစ်ခုလည်းဖြစ်သည်။


သယ်ယူပို့ဆောင်သည့် ကုန်ပစ္စည်းအမျိုးအစား အဆင့်မြင့်ပြောင်းလဲလာခြင်းသည် တရုတ်နိုင်ငံ၏စက်မှုလုပ်ငန်းဖွံ့ဖြိုးမှုကို ပြသနေပြီး ယင်းနယ်စပ်ဆိပ်ကမ်းမှတစ်ဆင့် အတွင်းမွန်ဂိုလီးယားဒေသ၏ ဒေသစီးပွားရေးကို မြှင့်တင်ပေးနိုင်ခဲ့သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ပိုမိုဖန်တီးပေးနိုင်သည်ကို တွေ့ရှိရသည်။

**Source :** https://en.people.cn/n3/2025/0804/c90000-20348682.html

**(လျှန်ရှန်းမုန်၊ စီးပွားရေးသံမှူး၊ ကူမင်းမြို့)**

https://myantrade.gov.mm/

# ဆန်ဖြူ မက်ထရစ်တန် ၅၀၀,၀၀၀ ကို အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် ဒီဇင်ဘာလကုန်အထိ တင်သွင်းမည့် ကင်ညာနိုင်ငံ




ကင်ညာသမ္မတနိုင်ငံသည် Grade I ဆန်ဖြူ တန်ချိန် ၅၀၀,၀၀၀ အား အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တင်သွင်းသွားမည်ဖြစ်ကြောင်း ဇူလိုင်လ ၂၈ ရက်နေ့ကထုတ်ပြန်ကြေညာခဲ့ပြီး အခြားသတင်းရင်းမြစ်များအရ အိန္ဒိယနှင့်ပါကစ္စတန်ဆန်တို့အား အဓိကထားကြောင်း သိရသည်။

အိန္ဒိယဆန်ပို့ကုန်လုပ်ငန်းရှင်များသည် ပါကစ္စတန်နှင့် နှိုင်းယှဉ်လျှင် ပိုမိုမြင့်မားသော အကောက်ခွန်ပေးရသောကြောင့် ယခုအကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် ဆန်တင်သွင်းခွင့်ပြုပါက စျေးကွက်ကိုတာ၏ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိကို ၎င်းတို့ရနိုင်ကြောင်း ဒူဘိုင်းအခြေစိုက်ကုန်သည်များက ခန့်မှန်းထားသည်။

၂၀၂၅ ခုနှစ်၊ ပထမငါးလတွင် အိန္ဒိယမှ ကင်ညာသို့ ဘာစမာတီမဟုတ်သောဆန် တန်ချိန် ၁၂၀,၃၅၂ တင်ပို့ခဲ့ပြီး ယခင်နှစ်ကာလတူထက် တန်ချိန် ၂၂,၈၆၀ ပိုမိုတင်ပို့ခဲ့ကြောင်း အိန္ဒိယ၊ စိုက်ပျိုးရေးနှင့် ပြုပြင်ပြီး စားသောက်ကုန်တင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့က သိရသည်။

အိန္ဒိယကဲ့သို့ပင် ပါကစ္စတန်ကလည်း လက်ကျန်ဆန်ဟောင်းများရှိပြီး မကြာမီ ဆန်အသစ်များရတော့မည်ဖြစ်ရာ ယခုအခွင့်အလမ်းမှ ဆန်တန်ချိန် ၅၀,၀၀၀ အထက် စာချုပ်နိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ပါကစ္စတန်မှ ကင်ညာသို့ ဆန်တန်ချိန် ၂၅၂,၂၄၄ တင်ပို့နိုင်ခဲ့ပြီး နှစ်အလိုက် တင်ပို့မှု၏ ၁၄၃ ရာခိုင်နှုန်းတိုးမြင့်ခဲ့ကြောင်း၊ ယင်းက ပါကစ္စတန်ကို ကင်ညာ၏ အများဆုံး ဆန်တင်ပို့သည့် နိုင်ငံဖြစ်စေခဲ့ကြောင်း S&P Global Commodity Insight က ပြောကြားခဲ့သည်။

ကရာချိမှ ကုန်သည်တစ်ဦးက ယခုအခွင့်အလမ်းကိုအသုံးချရန် စျေးနှုန်းသတ်မှတ်ချက်သည် အရေးကြီးသောအချက်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ဗီယက်နမ် ဆန်ကုန်သည်တစ်ဦးက ဗီယက်နမ်ကလည်း ကင်ညာသို့ ဆန်တင်သွင်းရန် စိတ်ဝင်စားပြီး ကင်ညာ၏ စျေးနှုန်းမှန်ကန်ပါက ဗီယက်နမ်အတွက် အခွင့်အလမ်းဖြစ်နိုင်ကြောင်း၊ လက်ရှိတွင် ထိုင်း၊ ပါကစ္စတန်နှင့် မြန်မာနိုင်ငံတို့မှ ဆန်ဖြူစျေးနှုန်းများကျဆင်းနေသော်လည်း ကွန်တိန်နာနှင့် ကုန်စည်ပို့ဆောင်စရိတ်မှာလည်း ပြဿနာတစ်ရပ်ဖြစ်နေကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝှန်း ဆန်ဖြူဝယ်လိုအားငြိမ်နေချိန်တွင် ကင်ညာ၏ ဆန်တင်သွင်းခွင့်ကိုတာသည် ဆန်စျေးနှုန်းမြင့်တက်စေပြီး ကမ္ဘာ့ဆန်ကုန်သွယ်မှုကို မြှင့်တင်ရန် မျှော်လင့်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

Source: **https://www.spglobal.com/commodity-insights/en**

https://commerce.gov.mm/

# STOCK EXCHANGE (13.8.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 12th Aug. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,495 (Shares) | 15,772,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,100 | +100 | +1.43% | 7,000 | 7,100 | 7,000 | 122 | 854,600 | 33,109,694 | 235,079 |
| MTSH | 00002 | 3,150 | +50 | +1.61% | 3,100 | 3,150 | 3,100 | 2,951 | 9,284,650 | 38,929,150 | 122,627 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 1,900 | -50 | -2.56% | 1,900 | 1,900 | 1,900 | 1 | 1,900 | 29,664,613 | 56,363 |
| TMH | 00005 | 2,550 | -100 | -3.77% | 2,600 | 2,600 | 2,550 | 1,525 | 3,901,250 | 12,823,224 | 32,699 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 711 | 1,138,100 | 19,977,223 | 32,962 |
| AMATA | 00007 | 3,400 | +0 | +0.00% | 3,150 | 3,400 | 3,150 | 85 | 269,000 | 10,497,598 | 35,692 |
| MAEX | 00008 | 3,250 | +50 | +1.56% | 3,200 | 3,250 | 3,200 | 100 | 322,500 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 12th Aug. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 356.74 | +1.95 | +0.55% | 354.45 | 356.74 | 354.45 | 5,495 | 15,772,000 | 8 | 672,876 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 12th Aug. 2025

| Trading Volume | Trading Value |
|---|---|
| 6,095 (Shares) | 17,482,000 (MMK) |

### Main Board

As of 1:00 pm, 12th Aug. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,495 (Shares) | 15,772,000 (MMK) |

| MYANPIX | 356.74 ▲ 1.95 |
|---|---|
| Total Volume (shares) | 5,495 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 672,876 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,100 | ▲ 100 |
| MTSH | 00002 | 3,150 | ▲ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,900 | ▼ 50 |
| TMH | 00005 | 2,550 | ▼ 100 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 3,400 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 50 |